# တော (၄၀) ရှုနည်း

## အနိစ္စလက္ခဏာ (၁၀) ချက်

| | | |
|---|---|---|
| ၁။ အနိစ္စတော- | အနိစ္စံ = | မြဲခြင်းသဘောမရှိ-ဟု ရှုပါ။ |
| ၂။ ပလောကတော- | ပလောကံ = | ပျက်ခြင်းသဘောရှိ၏-ဟု ရှုပါ။ |
| ၃။ စလတော- | စလံ= | မတည်ကြည် မငြိမ်မသက်, မဝံ့စား ရွေ့ရှားတုန်လှုပ်တတ်၏-ဟု ရှုပါ။ |
| ၄။ ပဘင်္ဂုတော- | ပဘင်္ဂု= | ဖရိုဖရဲ ပြိုကွဲပျက်ခြင်းသဘောရှိ၏-ဟု ရှုပါ။ |
| ၅။ အဒ္ဓုဝတော- | အဒ္ဓုဝံ= | ခိုင်မာခြင်းသဘောမရှိ။ |
| ၆။ ဝိပရိဏာမတော- | ဝိပရိဏာမံ= | ဖောက်ပြန်ခြင်းသဘောရှိ၏။ |
| | ဥပါဒ်သဘောမှ ဌီသဘော ဇရာ=ဘင်သဘော မရဏာသို့ပြောင်းခြင်းကို ဆိုလို၏။ | |
| ၇။ အသာရကတော- | အသာရကံ= | ခိုင်မာသည့် အနှစ်သာရမရှိ။ |
| ၈။ ဝိဘဝတော- | ဝိဘဝံ= | ဆုံးရှုံးခြင်းသဘောရှိ၏။ |
| ၉။ မရဏဓမ္မတော- | မရဏဓမ္မံ= | မစ္စု= သေခြင်း (ပျက်ခြင်း) သဘောရှိ၏။ |
| ၁၀။ သင်္ခတတော- | သင်္ခတံ= | အကြောင်းတရားတို့သည် အဖန်ဖန်အထပ်ထပ် ပြုပြင်အပ်သော သဘောရှိ၏။ |

# ဒုက္ခလက္ခဏာ (၂၅) ချက်

၁။ ဒုက္ခတော- ဒုက္ခံ= ယုတ်မာညစ်ဆိုး ဆင်းရဲသည့် ဒုက္ခမျိုးသာတည်း

ဒုက္ခဝေဒနာ = ဒုက္ခဒုက္ခ

သုခဝေဒနာ = ဝိပရိဏာမဒုက္ခ (တည်နေခိုက် သုခ၊ ပျက်စီးက ဒုက္ခ)

ဥပေက္ခာဝေဒနာနှင့် ဝေဒနာမှ ကြွင်းသော ရုပ်နာမ်= သင်္ခါရဒုက္ခ

၂။ ရောဂတော = ရောဂံ - နာကျင်ညစ်ဆိုး ရောဂါမျိုးသာတည်း။

၃။ အဃတော = အဃံ - အကျိုးယုတ် အကျိုးမဲ့မျိုးသာတည်း။

၄။ ဂဏ္ဍတော = ဂဏ္ဍံ - မဖွယ်ရုပ်ဆင်း ထွတ်မြင်းအနာမျိုးသာတည်း။

၅။ သလ္လတော = သလ္လံ - စူးဝင်ညစ်ဆိုး မြှားငြောင့်မျိုးသာတည်း။

၆။ အာဗာဓတော = အာဗာဓံ - နှိပ်စက်လွှမ်းမိုး အနာမျိုးသာတည်း။

၇။ ဥပဒ္ဒဝတော = ဥပဒ္ဒဝံ - လွှန်စွာကပ်ရပ် နှိပ်စက်တတ်သော ဥပါဒ်မျိုးသာတည်း။

၈။ ဘယတော = ဘယံ - ကြောက်ဖွယ်ညစ်ဆိုး ဘေးရန်မျိုးသာတည်း။

၉။ ဤတိတော = ဤတိ - ထိတ်လန့်စဖွယ် အန္တရာယ်မျိုးသာတည်း။

၁၀။ ဥပသဂ္ဂတော = ဥပသဂ္ဂံ - တွယ်တာစွဲကပ် နှိပ်စက်တတ်သော ဥပါဒ်မျိုးသာတည်း။

၁၁။ အတာဏတော= အတာဏံ - စောင့်ရှောက်မဲ့ကင်း ဘေး၏ အသင်းသာတည်း။

၁၂။ အလေဏတော= အလေဏံ - မှီခိုရာမဲ့ကင်း ဘေး၏ အသင်းသာတည်း။

၁၃။ အသာရကတော= အသာရကံ - ကိုးကွယ်ရာမဲ့ကင်း ဘေး၏ အသင်းသာတည်း။

၁၄။ ဝဓကတော = ဝဓကံ - နာရီမလပ် အတွင်သတ်သည့် လူသတ်မျိုးရိုးသာတည်း။

၁၅။ အဃမူလတော =အဃမူလံ - အကျိုးမဲ့ကင်း ဆင်းရဲခြင်း၏ အရင်းအမြစ်သာတည်း။

၁၆။ အာဒီနဝတော = အာဒီနဝံ - ဆိုးဝါးညစ်ညူ အပြစ်စုသာတည်း။

၁၇။ သာသဝတော = သာသဝံ - အာသဝေါတရား လေးပါးတို့၏ အစီးအပွားသာတည်း။

၁၈။ မာရာမိသတော = မာရာမိသံ - ကိလေသမာရ် မစ္စုမာရ်တို့၏ (၄) ဒေဝပုတ္တ၊ ကိလေသ၊ ခန္ဓ၊ မစ္စု၊ အဘိသင်္ခါရမာရ်ငါးပါးတို့၏ (မပဟာဋ္ဌိ) စားဖတ် ဝါးဖတ် သုံးသပ်နင်းနယ်ရာတည်း။

၁၉။ ဇာတိတော = ဇာတိ - ဖြစ်ချင်တိုင်း ဖြစ်တတ်သောသဘောရှိ၏။ (ဥပါဒ်သဘော)

၂၀။ ဇရာဓမ္မတော = ဇရံ - ဆုတ်ယုတ်လျော့ပါးခြင်းသဘောရှိ၏။ (ဌီသဘော)

၂၁။ ဗျာဓိဓမ္မတော = ဗျာဓိ- ဖျားနာခြင်းသဘောရှိ၏။ (ဘင်သဘော)

၂၂။ သောကဓမ္မတော =သောကံ- စိုးရိမ်ပူပန်ခြင်းသဘောရှိ၏။

၂၃။ ပရိဒေဝဓမ္မတော =ပရိဒေဝံ - ငိုကြွေးမြည်တမ်းရခြင်းသဘောရှိ၏။

၂၄။ ဥပါယာသဓမ္မတော= ဥပါယာသံ- သက်ကြီးရှိုက်ငင် ပြင်းစွာပူပန်ရခြင်းသဘောရှိ၏။

၂၅။ သံကိလေသဓမ္မတော= သံကိလေသိကဓမ္မံ- သံကိလေသ သဘာဝကံ= တဏှာ ဒိဋ္ဌိ ဒုစ္စရိတ တည်းဟူသော ညစ်နွမ်းခြင်းသုံးပါးကို၊ ဝါ ၊ ကိလေသာဆယ်ပါး ဟူသော ညစ်နွမ်းခြင်းကို ပျက်စီးစေ တတ်သော သဘောရှိ၏။

## အနတ္တလက္ခဏာ (၅) ချက်

၁။ အနတ္တတော = အနတ္တာ- အတ္တမဟုတ်။

၂။ သုညတော = သုညံ - အတ္တမှ ဆိတ်သုဉ်း၏။

၃။ ပရတော = ပရံ - အကျွမ်းဝင်ခြင်း အမြဲကင်းသော သူစိမ်းပြင်ပသာတည်း။

၄။ ရိတ္တတော = ရိတ္တံ - အနှစ်သာရဟူသမျှနှင့် ကင်းဆိတ်သော သဘောတရားတည်း။

၅။ တုစ္ဆတော = တုစ္ဆံ - အတ္တမရှိ အချည်းနှီးသာတည်း။

ပဋ္ဌိသုမ္ဘိဒါမဂ္ဂ၊၄၁၀၊ဝိသုဒ္ဓိ၊၂၂၄၆